# ၁၉၅၃ ခုနှစ်၊ အလုပ်ရုံများ (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၃ ခုနှစ်၊ အက်ဥပဒေ အမှတ် ၄၇။]

အောက်ပါအတိုင်း အက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၃ ခုနှစ်၊ အလုပ်ရုံများ (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။နောက်တွင် အဆိုပါအက်ဥပဒေဟုရည်ညွှန်းသည့်၊ ၁၉၅၁ ခုနှစ်၊ အလုပ်ရုံများအက်ဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ (၁)၊ အပိုဒ် (ဃ)၊ အပိုဒ်ခွဲ (ခခ) တွင် '' အလုပ်အားလုံးနှင့်စပ်လျဉ်း၍ '' ဆိုသည့်စကားရပ်အစား '' အလုပ်ရုံအားလုံးနှင့် စပ်လျဉ်း၍ '' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၃။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၁၀၊ ပုဒ်မခွဲ (၇) တွင် '' ရာဇသတ်ကြီး ပုဒ်မ ၂၃ အရ '' ဆိုသည့်စကားရပ်အစား '' ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ '' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၄။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၃၂၊ ပုဒ်မခွဲ (၁) တွင် '' ထိုစက်ဘီး၏ဝင်ရိုး၏ အရှိန်ကိုရင်း '' ဆိုသည့်စကားရပ်အစား '' ထိုစက်ဘီး၏ဝင်ရိုး၏အရှိန်ကိုရင်း '' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

၅။ ။အဆိုပါအက်ဥပဒေ ပုဒ်မ ၆၀၊ ပုဒ်မခွဲ (၂) တွင် '' မြင်သာအောင် ကပ်ထားသည့်နို့တစ်စာဖြင့် '' ဆိုသည့်စကားရပ်အစား '' မြင်သာအောင်ကပ်ထား သည့်နို့တစ်စာဖြင့်ရင်း '' ဆိုသည့်စကားရပ်ကိုထည့်သွင်းရမည်။

ပ၊မ၊ပ၊စ၊—အမှတ် ၂၃၊ တရားရေး၊၁၉-၁၀-၅၃—၂,၀၀၀...၂။
အသိုး—၀၀ ပြား]